## စီးပွားရေးအကျိုးအမြတ်တခုတည်းမကြည့်ရန် တောင်ကိုရီးယားကုမ္ပဏီများကို တောင်းဆို
## ၃ ဒီဇင်ဘာ ၂၀၀၇

မြန်မာစစ်အစိုးရနဲ့ စီးပွားရေးလုပ်ကိုင်နေတဲ့ တောင်ကိုရီးယားနိုင်ငံက ကုမ္ပဏီတွေအနေနဲ့ စီးပွားရေးအကျိုးအမြတ်တခုတည်းသာမကြည့်ဘဲ လူ့အခွင့်အရေးအခြေအနေ တိုးတက်ရေးအတွက် ကူညီပေးဖို့ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူတွေက တောင်းဆိုလိုက်ပါတယ်။ မနက်ဖြန်ကျင်းပမယ့် သမ္မတဟောင်း ကင်ဒေးဂျုံ **(Kim Dae-jung)** ရဲ့ နိုဘယ်ငြိမ်းချမ်းရေးဆုရခဲ့တဲ့ ၇ နှစ်ပြည့် နှစ်ပတ်လည်မတိုင်ခင်မှာ အခုလို ပန်ကြားလိုက်တာပါ။ အသေးစိတ်ကို ကိုသိန်းထိုက်ဦးက တင်ပြထားပါတယ်။

မနက်ဖြန် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ သမ္မတဟောင်း ကင်ဒေးဂျုံရဲ့ နိုဘယ်ငြိမ်းချမ်းရေးဆုရခဲ့တဲ့ ၇ နှစ်ပြည့်အခမ်းအနား ကင်ဒေးဂျုံဖောင်းဒေးရှင်းအဖွဲ့ကြီးက ကြီးမှူးကျင်းပဖို့ရှိပါတယ်။ ဒီအခမ်းအနားမှာ မြန်မာ့ဒီမိုကရေစီရေးအတွက် ထောက်ခံတဲ့ပွဲတခုကိုလည်း အထူးထည့်သွင်းကျင်းပဖို့ စီစဉ်ထားပါတယ်။ အခမ်းအနားတက်ရောက်ဖို့ ဖိတ်ကြားခံရတဲ့သူတွေထဲက တောင်ကိုရီးယားနိုင်ငံကိုရောက်နေတဲ့ မြန်မာ့ရေးရာရုံး ညွှန်ကြားရေးမှူး ဦးဟန်ယောင်ဝှေက ဒီနေ့ နေ့ခင်းပိုင်း ဆိုးလ်မြို့ ကင်ဒေးဂျုံစာကြည့်တိုက်မှာ သတင်းစာရှင်းလင်းပွဲ ကျင်းပပါတယ်။ သူက သတင်းစာရှင်းလင်းပွဲမှာ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ကိုင်နေတဲ့ တောင်ကိုရီးယားကုမ္ပဏီတွေကို အခုလို ပန်ကြားခဲ့ပါတယ်။

> “နမူနာအနေနဲ့ ပြောတာကတော့ ဓာတ်ငွေ့ကိစ္စနဲ့ ဒေဝူးကုမ္ပဏီက နအဖကို လက်နက်ရောင်းတဲ့ကိစ္စ ပြောပါတယ်။ ကျနော်ပြောတာက ပထမဦးဆုံး လူထုကိုဖိနှိပ်နေတဲ့ စစ်အစိုးရကို လက်နက်မရောင်းသင့်ဘူး၊ ကုမ္ပဏီကလည်း ခိုးပြီးရောင်းတယ်ဆိုတော့ ပိုပြီးဆိုးတယ်ဆိုတာကို ကျနော်ပြောပါတယ်။ နောက်ထပ် အဲဒီလိုမလုပ်ဘဲနဲ့ ဓာတ်ငွေ့ကိုလိုလားတယ်ဆိုရင်တောင်မှ နအဖလုပ်တာမှားရင်လည်း ပြောသင့်တယ်၊ ဘာမှမပြောဘဲနဲ့ ဓာတ်ငွေ့ကိုပဲဝယ်ပြီးတော့ စီးပွားရေးလုပ်နေရင်တော့ လူထုအတွက်မကောင်းဘူးဆိုတာ ပြောပါတယ်”

မြန်မာနိုင်ငံမှာ ငြိမ်းချမ်းစွာဆန္ဒပြခဲ့တဲ့ သံဃာထုနဲ့လူထုကို စစ်တပ်က အကြမ်းဖက်တာတွေလုပ်ခဲ့တဲ့ အချိန်မျိုးမှာ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ကိုင်နေတဲ့ကုမ္ပဏီတွေက စစ်အစိုးရခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီး ဒါကို ကန့်ကွက်နိုင်ခွင့်ရှိပါတယ်လို့ ဦးဟန်ယောင်ဝှေက ပြောပါတယ်။ ဒီလိုကန့်ကွက်ဖို့လည်း သူက တိုက်တွန်းပါတယ်။ တောင်ကိုရီးယားကုမ္ပဏီအများစုဟာ မြန်မာနိုင်ငံအတွင်းမှာ သဘာဝဓာတ်ငွေ့ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေမှာ အဓိက ရင်းနှီးမြှုပ်နှံထားပါတယ်။ ဦးဟန်ယောင်ဝှေက တောင်ကိုရီးယားကုမ္ပဏီတွေကို မြန်မာစစ်အစိုးရနဲ့ စီးပွားရေးမလုပ်ဘို့ ပန်ကြားတာမဟုတ်ပါဘူး၊ စီးပွားရေးလုပ်ကိုင်မှုတွေကို ရပ်ဆိုင်းပေးဖို့ သူက တောင်းဆိုတာမဟုတ်ပါဘူး၊ စီးပွားရေးလုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေအနေနဲ့ စစ်အစိုးရနဲ့ထိစပ်ပြီးတော့ မြန်မာစစ်အစိုးရကို တိုက်တွန်း တွန်းအားပေးဖို့၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီဖော်ဆောင်ရေးတွေလုပ်ဖို့ သူကပြောဆိုသွားတာပါ။

တောင်ကိုရီးယားသမ္မတဟောင်း ကင်ဒေးဂျုံဟာ မြန်မာ့အရေးကို အဓိကထောက်ခံအားပေးတဲ့ နိုဘယ်ငြိမ်းချမ်းရေးဆုရှင်တဦးလည်းဖြစ်ပါတယ်။ သူဟာ ၂၀၀၀ ခုနှစ်မှာ နိုဘယ်ငြိမ်းချမ်းရေးဆု ရခဲ့ပြီးတဲ့နောက် ၂၀၀၂ ခုနှစ်က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံနိုင်ရေး ရန်ကုန်မြို့ကိုသွားရောက်ဖို့ ကြိုးစားခဲ့ပေမယ့် မြန်မာစစ်အစိုးရရဲ့ ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်တာကို ခံခဲ့ရဖူးပါတယ်။ သူဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုရော၊ မြန်မာ့ဒီမိုကရေစီရေးကိုရော ထောက်ခံအားပေးတဲ့ပြောဆိုချက်တွေ မကြာခဏ ထုတ်ဖော်ပြောဆိုခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ နိုဘယ်ငြိမ်းချမ်းရေးဆုရခဲ့တဲ့ ၇ နှစ်မြောက်အခမ်းအနားမှာ အခုလို မြန်မာ့အရေးကို အဓိက အခမ်းအနားတခုအဖြစ် ထည့်သွင်းစီစဉ်ပေးတာလို့ ဦးဟန်ယောင်ဝှေက ပြောပါတယ်။

“အခုပွဲကတော့ ကင်ဒေးဂျုံရဲ့ နိုဘယ်ဆုရတာ ၇ နှစ်မြောက်နေ့ ပွဲဖြစ်ပါတယ်။ အဲဒီပွဲမှာ သူ့ပွဲပဲ မလုပ်ဘဲနဲ့ ကျနော်တို့ပြည်ထောင်စုမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး တိုက်ပွဲလုပ်နေတဲ့ဟာကို သူက အားပေးချင်ပြီးတော့ ကျနော်တို့ပြည်ထောင်စုမှာ ဘယ်လိုဖြစ်နေလဲ၊ ဘယ်လိုကူနိုင်မလဲဆိုပြီးတော့ သူက ပွဲလုပ်ပြီး ကျနော့်ကိုဖိတ်တာဖြစ်ပါတယ်”

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ကိုရောက်နေတဲ့ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်အခြေစိုက် မြန်မာ့ရေးရာရုံး ဥရောပရုံးက ညွှန်ကြားရေးမှူး ဦးဟန်ယောင်ငွေ ပြောပြသွားတာပါ။